# ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနှင့် အငတ်ဘေးအတွက် ချဉ်းကပ်မှုအသစ်

*ဟီလာရီ ရော့ဒ်ဟမ် ကလင်တန်*

ကမ္ဘာပေါ်ရှိ လူပေါင်း ၁ ဘီလီယံသည် စားနပ်ရိက္ခာအတွက် ဝယ်ကြ၊ ရောင်းကြ၊ စိုက်ပျိုးကြနှင့် ဘဝအတွက် ပင်ပန်းစွာ ရုန်းကန်နေကြရပါသည်။ ဤပြဿနာမှာ သူတို့နှင့်သာမက ကျွန်မတို့အားလုံးနှင့်ပါ သက်ဆိုင်နေပါသည်။

ကမ္ဘာပေါ်က သာမန်လယ်သူမကလေးတစ်ယောက်၏ နေ့စဉ်ဘဝကို ကြည့်ပါ။

လက်တင်အမေရိက၊ အာရှ၊ အာဖရိက ဆာဟာရအောက်ပိုင်းဒေသတစ်ခုခုမှ ရွာကလေးတစ်ရွာတွင် နေထိုင်သော အမျိုးသမီးတစ်ယောက်ဆိုပါစို့။ သူသည် သူ မပိုင်သော လယ်ကွက်တွင် အလုပ်လုပ်ရသည်။ နံနက်အရုဏ်မတက်ခင် အိပ်ရာက ထရသည်။ မိုင်ချီလမ်းလျှောက်သွားပြီး ရေခပ်ရသည်။ လယ်ကွင်းထဲ၌ တစ်နေကုန် အလုပ်လုပ်ရသည်။ တစ်ခါတလေ သူ့ကျောပေါ်တွင် ကလေးငယ်တစ်ယောက်ကို အဝတ်နဲ့ ပတ်ကာ ချီပိုးထားရသေးသည်။

သူကံကောင်းလျှင် မိုးမခေါင်၊ ပိုးမကျ၊ ရောဂါမဖြစ်ဘဲ သူ၏သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်မည်။ သူ့မိသားစုအတွက် လောက်လောက်ငင ရမည့်အပြင် အနည်းအကျဉ်းပိုတာကို ရောင်းချနိုင်မည်။ သို့သော် သူ့ရွာနှင့် အနီးဆုံးဈေးကိုပင် လမ်းမပေါက်၊ ရွာတွင်လည်း သူ့သီးနှံကို ဝယ်နိုင်သူ တစ်ယောက်မျှ မရှိချေ။

ယခုတစ်ဖန် ယင်းလယ်သူမနှင့် မိုင် ၁၀၀ အကွာရှိ လူစည်ကားရာ မြို့တစ်မြို့မှ လူငယ်တစ်ယောက်၏ ဘဝကို ကြည့်ကြပါဦးစို့။ ထိုသူမှာ အလုပ်အကိုင်မရှိ သို့မဟုတ် နှစ်ပြားတစ်ပဲသာ ရသော အလုပ်တစ်ခု လုပ်သူတစ်ယောက်ဖြစ်သည်။ သူ ဈေးကို ရောက်သွားသည်။ အစားအစာက မလတ်ဆတ် သို့မဟုတ် ကောင်းတာကိုလည်း ပိုက်ဆံမတတ်နိုင်။ သူ ဗိုက်ဆာနေသည်။ ဆာတော့ စိတ်တိုနေသည်။

လယ်သူမတွင် ရောင်းစရာ အစားအစာအပိုရှိ၍ ထိုသူကလည်း ဝယ်လိုသည်။ သို့သော် အလွန်ရိုးစင်းသော အရောင်းအဝယ်သည် သူတို့လက်လှမ်းမမီသော ရှုပ်ထွေးပြီး အင်အားကြီးလှသည့် အတားအဆီးများကြောင့် အလုပ်မဖြစ်ပေ။

ကမ္ဘာလုံးဆိုင်ရာ အငတ်ဘေးတိုက်ဖျက်ရေးကို ရင်ဆိုင်ရာ၌ “စားနပ်ရိက္ခာ ဖူလုံရေး” ဟု ကျွန်မတို့ ပြောနေသော စိန်ခေါ်ချက်မှာ ကမ္ဘာ့တောင်သူလယ်သမားတို့ သီးနှံများ ပေါပေါများများ စိုက်ပျိုးရိတ်သိမ်းနိုင်စေရန်၊ မွေးမြူရေးကို ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်စေရန် အားဖြည့်ထောက်ကူပေးရမှာဖြစ်ပြီး သူတို့၏ ထုတ်ကုန်များ အမှန်တကယ်လိုအပ်သူများထံ အသေအချာ ရောက်ရှိရန် ဆောင်ရွက်ပေးရမှာ ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေးဆိုသည်မှာ အစားအစာတစ်ခုတည်းအတွက်သာမဟုတ်။ ရာသီဥတုပြောင်းလဲမှု ကြောင့် ဖြစ်ပေါ်သော စားနပ်ရိက္ခာဈေးနှုန်းနှင့် စီမံကိန်းများ၏ အရေးပါသော အခြေခံအဆောက်အအုံများ၏ ကံကြမ္မာကို ခြိမ်းခြောက်မှုနှင့် ရေနံဈေးမြင့်တက်မှုကြောင့် ပေါ်ပေါက်ရသော သယ်ယူပို့ဆောင်စရိတ် ကြီးမားမှုစသည် အခြားရှုပ်ထွေးသော ကိစ္စရပ်များ ပေါင်းဆုံမှုကိုပါ ရင်ဆိုင်ရေးပင် ဖြစ်သည်။

သို့သော် စားနပ်ရိက္ခာဖူလုံရေးသည် လုံခြုံအေးချမ်းရေးနှင့် လုံးဝသက်ဆိုင်သည်။ ကာလတာရှည်ငတ်မွတ်မှုဘေးဆိုက်ခြင်းသည် အစိုးရများ၊ လူ့အဖွဲ့အစည်းများနှင့် နယ်ခြားများ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိသည်။ အငတ်ဘေး ကြုံတွေ့နေရသော သို့မဟုတ် စားနပ်ရိက္ခာမလုံလောက်မှုကို ရင်ဆိုင်နေရသော လူတို့သည် ဝင်ငွေ မရှိကြ၊ ကိုယ့်မိသားစုကို မစောင့်ရှောက်နိုင်ကြပေ။ သူတို့သည် မျှော်လင့်ချက်ကင်းမဲ့ကာ စိတ်ဓာတ်ကျပြီး အပယ်ခံဘဝရောက်ကြရလေသည်။ ဤသို့သော ကွဲပြားမှုက တင်းမာမှု၊ ပဋိပက္ခနှင့် အကြမ်းဖက်မှုတိုင်အောင် ဖြစ်ပွားစေနိုင်သည်။ ၂၀၀၇ ခုနှစ်မှစ၍ ယနေ့တိုင် နိုင်ငံပေါင်း ၆၀ တွင် စားနပ်ရိက္ခာကြောင့် အဓိကရုဏ်းများ ဖြစ်ပေါ်ခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သော တောမှ လယ်သူမကလေးနှင့် မြို့မှ ဗိုက်ဆာနေသော လူငယ်ကလေးတို့ ကြုံရသော ပြဿနာမျိုး အပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားနေသော လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အတားအဆီးအဆုံးအရှုံးများသည် ကမ္ဘာ့ စီးပွားရေးအပေါ် ကြီးမားစွာ သက်ရောက်မှုရှိသည်။

ကမ္ဘာ့ ဆင်းရဲသော လူဦးရေ လေးပုံ သုံးပုံကျော်၏ အဓိကဝင်ငွေရင်းမြစ်မှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ နေ့စဉ်နှင့်အမျှ လူအမြောက်အမြားသည် ပင်ပန်းကြီးစွာ ကြိုးစားလုပ်ကိုင်နေကြသော်လည်း သူတို့မိသားစုကိုပင် လောက်ငအောင် မထောက်ပံ့ နိုင်ကြချေ။ ထိုအခါ တစ်ကမ္ဘာလုံး ကျပ်တည်းရတော့သည်။

သမ္မတ အိုဘားမားအစိုးရသည် ဤတာရှည်စွဲအငတ်ဘေးကို ကျွန်မတို့ နိုင်ငံခြားရေးမူဝါဒ၏ အဓိက ဦးစားပေး ပြဿနာအဖြစ် သတ်မှတ်ပါသည်။ ဤကြိုးစားမှုတွင် အခြားနိုင်ငံများကလည်း လာရောက် ပူးပေါင်း လျက် ရှိပါသည်။ စိုက်ပျိုးရေးအခြေခံသော စီးပွားရေးတိုးတက်မှုအတွက် အဓိကစက်မှုနိုင်ငံကြီးများသည် ဒေါ်လာ ၂၂ ဘီလီယံကျော်ကို သုံးနှစ်အတွင်း ထည့်ဝင်ထောက်ပံ့ရန် ကတိကဝတ်များ ပေးထားကြပါသည်။ စက်တင်ဘာ၂၆ ရက်တုန်းက ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ကျွန်မတို့ ဦးဆောင်ကာ နိုင်ငံပေါင်း ၁၃၀ ကျော်မှ ခေါင်းဆောင်များကို ဖိတ်ကြားတွေ့ဆုံပြီး နိုင်ငံတကာအထောက်အပံ့ တည်ထောင်နိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။

ကျွန်မတို့၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံအားဖြင့် အမေရိကန်ပြည်ထောင်စုက စားနပ်ရိက္ခာဖူလုံရေးချဉ်းကပ်ပုံကို တော်တည့်မှန်ကန်စေပါမည်။ အမှန်မှာ ကျွန်မတို့သည် တာရှည်ခံရလဒ်ကောင်းများ မရရှိသေးသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အများအပြားကို ငွေကြေးအမြောက်အမြားနှင့် နှစ်ကာလအတော်ကြာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထိုမှ သင်ခန်းစာများကိုလည်း ကျွန်မတို့ ရရှိခဲ့ပါပြီ။ ကျွန်မတို့ သိခဲ့ရသည်မှာ အထိရောက်ဆုံး နည်းဗျူဟာတို့သည် ပြဿနာနှင့် အနီးကပ်ဆုံးမှ ရရှိတာဖြစ်ကြောင်း၊ မိုင်ပေါင်းများစွာ ဝေးကွာသော နိုင်ငံခြားအစိုးရများနှင့် အဖွဲ့အစည်းများမှ ရရှိတာမဟုတ်ကြောင်းပင် ဖြစ်သည်။ ထို့ပြင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကူအညီအထောက်အပံ့အဖြစ်မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ကြောင်းလည်း ကျွန်မတို့ သိခဲ့ကြပါသည်။

ယင်းသင်ခန်းစာများ ခေါင်းထဲစွဲရင်း တာရှည်ခံရလဒ်ကောင်းများ ရရှိရေးနှင့် ပြဿနာကို အရင်းမှ ကိုင်တွယ် ဖြေရှင်းနိုင်ရေး အတွက် အခြေခံမူ ငါးချက်ဖြင့် ကျွန်မတို့၏ စားနပ်ရိက္ခာဖူလုံရေးလှုပ်ရှားမှုကို စတင်ရပါမည်။

ပထမအချက်။ လယ်ယာစိုက်ပျိုးရေးတွင် ပုံစံတစ်မျိုးတည်းက အားလုံးအတွက် အံဝင်ခွင်ကျ မရှိနိုင်ကြောင်း ကျွန်မတို့ နားလည်ရပါမည်။ ထို့ကြောင့် လက်တွဲဖော်နိုင်ငံများနှင့်အတူ စီမံကိန်းများ ရေးဆွဲဖော်ဆောင်ရပါမည်။

ဒုတိယအချက်။ အခြေခံတောင်သူလယ်သမားတို့အတွက် မျိုးစေ့ကောင်း ရရှိရေးမှသည် ဝေမျှနစ်နာ အစီအစဉ်များအထိ အပါအဝင် အရာရာတိုင်းတွင် ဝင်ရောက်ဆောင်ရွက်ခြင်းဖြင့် ငတ်မွတ်မှုဖြစ်ပေါ်စေသော အကြောင်းများကို ကျွန်မတို့ ဖော်ထုတ်ရပါမည်။ ကမ္ဘာ့တောင်သူအများစုမှာ အမျိုးသမီးများဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးတွင် ဆောင်ရွက်သော ကျွန်မတို့၏ ရင်းနှီးမြှုပ်နှံမှု၊ လှုပ်ရှားမှုများသည် သူတို့၏ ရည်မှန်းချက်၊ လိုလဝီရိယနှင့် မျှချေကိုက်ရန် လိုအပ်ပါသည်။

တတိယအချက်။ တစ်ဦးတစ်ယောက်တည်းက ငတ်မွတ်မှုကို တိုက်ဖျက်ဖယ်ရှားရန် မဖြစ်နိုင်ပေ။ သို့သော် ကျွန်မတို့ ကြိုးစားသူတွေအားလုံး နိုင်ငံအလိုက်၊ ဒေသအလိုက်၊ တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်လျှင် အကျိုးသက်ရောက်မှု ကြီးမားပေလိမ့်မည်။

စတုတ္ထအချက်။ နိုင်ငံစုံဖွဲ့အစည်းများသည် နိုင်ငံတစ်ခုတည်းထက် ပို၍ ရင်းမြစ်ကြွယ်ဝပြီး ပို၍ စွမ်းဆောင်နိုင်သဖြင့် သူတို့၏ ကျွမ်းကျင်မှုများမှ ကျွန်မတို့ အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။

နောက်ဆုံးအချက်။ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများအတွက် ကတိထားရှိပြီး ဖြစ်သောကြောင့် ကျွန်မတို့တွင် တာဝန်ရှိပါသည်။ ယင်းကို သက်သေပြရန်မှာ စောင့်ကြည့်ရေး၊ ဝေဖန်သုံးသပ်ရေးတို့တွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ထိုလုပ်ငန်းများမှတစ်ဆင့် ကျွန်မတို့ ဘာတွေလုပ်ပြီးပြီလဲ ဆိုသည်ကို အများပြည်သူက သိကြရမည် ဖြစ်သည်။

ဤကြိုးစားအားထုတ်မှုသည် ပန်းတိုင်ရောက်ရန် နှစ်ပေါင်းများစွာ ကြာနိုင်ပါသည်။ ဆယ်စုနှစ်ချီ၍ပင် ကြာနိုင်ပါသည်။ သို့သော် ကျွန်မတို့သည် အစွမ်းကုန်၊ အိတ်သွန်ဖာမှောက် ကြိုးစားကြရပါမည်။

ကျွန်မတို့ ဤကဲ့သို့ကြိုးစားနေစဉ် တစ်ဖက်၌ အရေးပေါ် စားနပ်ရိက္ခာအထောက်အပံ့ပေးရေး၊ အဖြစ်ဆိုးများနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လျှင် ချက်ချင်းကူညီနိုင်ရေး တာဝန်ကိုလည်း ဆက်လက် ထမ်းဆောင်နေရမည် ဖြစ်ပါသည်။ ဥပမာ အာဖရိက ဦးချိုဒေသတွင် လတ်တလော ဖြစ်နေသော မိုးခေါင်မှု၊ သီးနှံ ပျက်မှုနှင့် ပြည်တွင်းစစ်တို့သည် ၁၈ နှစ်အတွင်း အဆိုးရွားဆုံးသော လူမှုပြဿနာဖြစ်နေသည်။

ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးကို ပြန်လည်အားအင်ပြည့်ဖြိုးစေရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။ တကယ်တမ်းတွင် ဤသည်က ကျွန်မတို့နိုင်ငံ ဆောင်ရွက်ဖူးသမျှ အားလုံးအနက် ရည်မှန်းချက်အပြည့်ဝဆုံး၊ အထိရောက်ဆုံး သံတမန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုပင် ဖြစ်ပါသည်။ လုပ်ရကျိုးလည်း နပ်ပါသည်။ ကျွန်မတို့အောင်မြင်လျှင် ကျွန်မတို့ အနာဂတ်သည် အတိတ်ထက် ပို၍ ကြွယ်ဝ၊ ပို၍ ငြိမ်းချမ်းပါလိမ့်မည်။